# ကျွန်ုပ်တို့ရဲ့ကလေးငယ်များကို ကျန်းမာရေးနဲ့ အာဟာရ အစီအစဉ်တွေမှာ ထည့်ပေးထားသင့်လား။

(ဇန်နဝါရီ လ 2020 တွင် နောက်ဆုံးမွမ်းမံထားသည်)



**Medicaid ၊ CHIP၊ Marketplace အကျိုးဝင်မှု (“Obamacare”)၊ ကျောင်းမနက်စာနှင့် နေ့လည်စာ၊ WIC နှင့် SNAP (“အစားအသောက် တံဆိပ်ခေါင်းများ”)ကဲ့သို့ အစီအစဉ်များမှ သင့်ကလေးငယ်အား ပိုမိုကျန်းမာပြီး ခွန်အားရှိသော ဘဝများပိုင်ဆိုင်စေရန် အထောက်အကူပြုမည် ဖြစ်သည်။** သင့်တွင် သင့်ကလေးငယ်များမှ ဤကျန်းမာရေးနှင့် အာဟာရ အစီအစဉ်များအသုံးပြုခြင်းသည် သင်၏ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ အခြေအနေ သို့မဟုတ် နေထိုင်ခွင့်ကဒ်လျှောက်ထားချက် အား အကျိုးသက်ရောက်နိုင်မှုရှိမရှိ မေးခွန်းများရှိနေလိမ့်မည်။ သင့်မိသားစုအတွက် ကောင်းမွန်သော ဆုံးဖြတ်ချက်များပြုလုပ်ရန်အတွက် အမေးများသော မေးခွန်းများအတွက် အဖြေများအား ဤစာရွက်စာတမ်းတွင် ဖော်ပြပေးထားသည်။

---

**ကျွန်ုပ်၏ Green Card အင်တာဗျူးသည်အမေရိကန်ပြည်ထောင်စုတွင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်ကလေးမှ ကျန်းမာရေး သို့မဟုတ် အာဟာရ အထောက်အပံ့ရယူပါက ကျွန်ုပ်အတွက် နေထိုင်ခွင့်ကဒ်ရယူရန် ပိုမိုခက်ခဲစေမည်လား။** မခက်ခဲစေပါ။ သင့်ကလေးများမှရရှိသော ကျန်းမာရေးနှင့် အာဟာရ အကျိုးခံစားခွင့်များအား သင့်နေထိုင်ခွင့်ကဒ်လျှောက်ထားသော သင်နှင့် ယှဉ်တွဲတွက်ချက်သွားမည် မဟုတ်ပါ။*** ကျွန်ုပ်တို့မှ သင့်ကလေးအတွက် ၎င်းတို့သတ်မှတ်ချက်ပြည့်မီသော အကျိုးခံစားခွင့်အစီအစဉ်များတွင် ဆက်လက်ပြီး စာရင်းသွင်းပေးရန် အကြံပြုလိုပါသည်။ သင့်ကလေး သို့မဟုတ် သင့်မိသားစုဝင်များအတွက် သင်ရရှိသော အကျိုးခံစားခွင့်များမှာသင်ကိုယ်တိုင်ရယူထားသော အကျိုးခံစားခွင့်များနှင့် မတူပါ။ သင့်ကလေးငယ်၏ လျှောက်လွှာတွင် သင့်နာမည်ဖြည့်စွက်ခြင်းဖြင့် သင်ကိုယ်တိုင်အတွက် အကျိုးခံစားခွင့်များ လျှောက်တင်ထားပြီးဟု မဆိုနိုင်ပါ။

**အကယ်၍ ကျွန်ုပ်အနေနှင့် ကျွန်ုပ်ကလေးအတွက် အကျိုးခံစားခွင့် လျှောက်တင်ပေးပါက ကျွန်ုပ် အချက်အလက်များကို ပေးရန် လိုအပ်ပါသလား။** ဟုတ်ကဲ့၊ အချက်အလက်အချို့ပေးရပါမယ်။ သင့်မိသားစုဝင်များအားလုံးမှ ၎င်းတို့လျှောက်တင်နေခြင်းမဟုတ်လျှင်ပင် ဤလျှောက်လွှာအတွက် ၎င်းတို့၏ဝင်ငွေ အချက်အလက်များအားလုံးကို ထည့်သွင်းပေးရန် လိုအပ်ပါသည်။ သို့ရာတွင် သင့်ကလေးငယ်အတွက် အကျိုးခံစားခွင့်လျှောက်တင်ပေးချိန်တွင် သင်၏ရွှေ့ပြောင်းနေထိုင်မှု အခြေအနေအချက်အလက် သို့မဟုတ် လူမှုဖူလုံရေးနံပါတ်များကို ပေးအပ်ရန် မလိုအပ်ပါ။

**ကျွန်ုပ်အနေနှင့် ကျွန်ုပ်ရဲ့ U.S. နိုင်ငံသား ကလေးငယ်အသုံးပြုနေသော အကျိုးခံစားခွင့်များအတွက် အစိုးရကို ပြန်လည်ပေးဆပ်ခြင်းပြုလုပ်ရန်လိုပါသလား။** မလိုပါ။ အကယ်၍ သင်၏ U.S. နိုင်ငံသားကလေးငယ်မှ အကျိုးခံစားခွင့်များကို ယခုလက်ခံရရှိရန် သတ်မှတ်ချက်ပြည့်မီပါက၊ သင့်မိသားစုမှ ထိုအကျိုးခံစားခွင့်များအတွက် နောင်အခါတွင် ပြန်လည်ပေးဆပ်ရန် တာဝန်ဝတ္တရားမရှိပါ။

**ကျွန်ုပ်ကလေးရဲ့လျှောက်လွှာတွင် ထည့်သွင်းပေးလိုက်သော အချက်အလက်များကို ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ တရားဥပဒေစိုးမိုးရေးအတွက် အသုံးပြုလို့ရသလား။** မရပါ။ လျှောက်လွှာတွင်ပါသော အချက်အလက်များအားလုံးကို အစီအစဉ်အတွက် သင့်ကလေး၏ သတ်မှတ်ချက်ပြည့်မီမှုရှိမရှိ ဆုံးဖြတ်ရန်အတွက်သာ အသုံးပြုမည်ဖြစ်သည်။ ဤသတင်းအချက်အလက်များကို ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ တရားဥပဒေစိုးမိုးရေးအတွက် အသုံးပြုမည်မဟုတ်ပါ။ သင့်အနေဖြင့် လိုအပ်သောအချက်အလက်များကိုသာ ပေးအပ်ထားပြီး မှားယွင်းသော အချက်အလက်များ ပေးအပ်မထားကြောင်း သေချာပါစေ။

**ကျွန်တော့မှာ စာရွက်စာတမ်းမပြည့်စုံလျှင်ဘာလုပ်ရမလဲ။** အကယ်၍ သင့်တွင် စာရွက်စာတမ်းမပြည့်စုံပဲ သင့်ကလေး သို့မဟုတ် အခြားသော မိသားစုဝင်များအတွက် လျှောက်တင်ပေးပါက သင်၏ ရွှေ့ပြောင်းနေထိုင်မှု အခြေအနေအကြောင်း အချက်အလက်များမပေးအပ်သင့်ပါ။ ထိုအစား သင့်အနေနှင့် "ဒီအစီအစဉ်မှာ ကျွန်ုပ်ကိုယ်တိုင်အတွက် လျှောက်နေတာမဟုတ်ပါ" ဟုပြောဆိုနိုင်သည်။

**Medicaid နှင့် ACA marketplace မှာ ရွှေ့ပြောင်းနေထိုင်သူများ စာရင်းသွင်းခွင့်မရှိတော့လို့ ကျွန်ုပ်ကြားမိတယ်။ ဒါဟုတ်ပါသလား။** မဟုတ်ပါ။ သတ်မှတ်ချက်ပြည့်မီသော ရွှေ့ပြောင်းနေထိုင်သူများအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု marketplace မှတစ်ဆင့် Medicaid သို့မဟုတ် ထောက်ပံ့ကြေးရယူသော အကျုံးဝင်မှုများ အပါအဝင် ကျန်းမာရေး အကျုံးဝင်မှု အစီအစဉ်များ၌ စာရင်းသွင်းနိုင်ပါသေးသည်။ သမ္မတမှ ကျန်းမာရေးအာမခံနှင့် ပတ်သက်၍ အမိန့်ထုတ်ပြန်ခဲ့သော်လည်း ၎င်းမှာ တစ်ဦးတစ်ယောက်မှ နိုင်ငံခြားရှိ ကောင်စစ်ဝန်ရုံးခန်းတွင် ရွှေ့ပြောင်းနေထိုင်ခွင့် ဗီဇာ သို့မဟုတ် နေထိုင်ခွင့်ကဒ် လျှောက်ထားချိန်အတွက်သာ သက်ရောက်မည် ဖြစ်သည်။

*** အကယ်၍ U.S., အပြင်ဘက်တွင်ပြုလုပ်ထားသည့် ဗီဇာ သို့မဟုတ် နေထိုင်ခွင့်ကဒ်အား သင် သို့မဟုတ် သင့်မိသားစုဝင်မှ ရရှိမည်ဆိုပါက မတူညီသော စည်းမျဉ်းများ သက်ရောက်နိုင်သည်။ သင့်အနေဖြင့် သင့်ကိစ္စနှင့်ပတ်သက်ပြီး အကြံပေးချက်ရယူရန်အတွက် ပညာရှင်တစ်ယောက်နှင့် ဆွေးနွေးရန် အကြံပြုလိုပါသည်။ သင့်ဒေသတစ်ဝိုက်အတွင်းအတွင်း အခမဲ့ သို့မဟုတ် တန်ဖိုးနည်း ရွေးချယ်မှုများအတွက်၊ အောက်ပါသို့ ဝင်ရောက်ကြည့်ရှုပါ - https://www.immigrationadvocates.org/nonprofit/legaldirectory/